# မြန်မာသံရုံး၊ ရီယာဒ်မြို့သို့ ကောင်စစ်ကိစ္စရပ်များလျှောက်ထားရာ၌ သိရှိရန်အချက်များ

## ပြည်ပတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများမှ မွေးဖွားသော ကလေးများအတွက် နိုင်ငံကူးလက်မှတ် (မွေးတိုး) လျှောက်ထားခြင်း

(၁) ကိုယ်ရေးလျှောက်လွှာ

(၂) ကလေး၏ ကိုယ်ရေး အချက်အလက်

(ဓါတ်ပုံ ၂ ပုံ၊ 35 mm x 45 mm, 600 Resolutions ၊ ၆ လ အတွင်း ရိုက်ကူးထားပြီး၊ မျက်နှာသည် ဓါတ်ပုံ၏ ၈၀% ရှိ၍ နောက်ခံ အဖြူရောင် ဖြစ်ရပါမည် )

(၃) ကလေး၏ ဓာတ်ပုံနှင့် လက်ဗွေ

(၄) ကလေးမွေးစာရင်းလက်မှတ် ကာလာမိတ္တူ
(သက်ဆိုင်ရာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ထောက်ခံချက်နှင့်အတူ )

(၆) မိဘနှစ်ဦး၏ ကိုယ်ရေးအချက်အလက်နှင့် နိုင်ငံကူးလက်မှတ်မိတ္တူ

(၇) မိဘနှစ်ဦး၏ လက်ထပ်စာချုပ်မိတ္တူ နှင့် အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(၈) ကျသင့်ငွေ ဆော်ဒီရီရယ် ၁၃၅

မှတ်ချက်။ နိုင်ငံခြားသားနှင့် လက်ထပ်၍ မြန်မာအမျိုးသမီးမှ မွေးဖွားသော ကလေးအား မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားပါက ဖခင်ဖြစ်သူ၏ နိုင်ငံသံရုံးမှ ကန့်ကွက်ရန် မရှိကြောင်း စာအား ပူးတွဲတင်ပြရန် လိုအပ်သည်။

နိုင်ငံကူးလက်မှတ်(မွေး/တိုး) ထုတ်ပေးရန်အတွက် ခွင့်ပြုချက်အား မြန်မာနိုင်ငံကူး လက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရသည် ဖြစ်ပါသဖြင့် လျှောက်ထားသူများ အနေဖြင့် အချက်အလက်ပြည့်စုံစွာဖြင့် လျှင်မြန်စွာ လျှောက်ထားကြရန် တိုက်တွန်း အပ်ပါသည်။

ခွင့်ပြုချက်ရရှိရန် လအနည်းငယ် အချိန်ယူရမည်ဖြစ်ပါသဖြင့် အရေးတကြီး ခရီးသွားရန် လိုအပ်ပါက မိခင်ဖြစ်သူ၏ နိုင်ငံကူးလက်မှတ်တွင် ကလေးငယ်အား ပူးတွဲပေးပါရန် သံရုံးသို့ လျှောက်ထားနိုင်သည်။ သံရုံးမှ တောင်းခံသည့် အခြားစာရွက်စာတမ်းများအား တင်ပြနိုင်ရမည်။